# D-Link ရဲ့ DNS-320 (NAS) Share Center



ကွန်ရက်ချိတ်ဆက်မှုတွေ အသုံးများလာတဲ့အပြင် data တွေ သိမ်းဆည်းရတာ များပြားလာတဲ့ အချိန်မျိုးမှာ NAS တွေ အသုံးများလာကြပါတယ်။ Data တွေ သိမ်းဆည်းရာမှာ ပိုစိတ်ချရအောင်နဲ့ data တွေကို ရှယ်ယာလုပ်သုံးစွဲဖို့ NAS တွေက အသုံးဝင်ပါတယ်။ ဈေးကွက်ထဲမှာတွေ့ရတဲ့ NAS တစ်မျိုးက D-Link ရဲ့ NAS 320 ဖြစ်ပြီး hard drive ၂ မျိုး တပ်ဆင်သုံးနိုင်ပါတယ်။ 2 TB hard drive ၂ လုံးသုံးခဲ့ရင် စုစုပေါင်း 4TB အထိ တပ်ဆင်နိုင်ပါတယ်။

ဒါပေမဲ့ RAID setting တွေပေါ် မူတည်ပြီး၊ ဒါမှမဟုတ် RAID သုံးမယ်ဆိုရင်တော့ သုံးတဲ့ RAID ပေါ်မူတည်ပြီး ပမာဏအနည်းအများ အပြောင်းအလဲ ဖြစ်ပါမယ်။ RAID သုံးနိုင်တဲ့ အမျိုးအစားက RAIDO နဲ့ RAID 1 ဖြစ်ပါတယ်။ အဲဒီ device ဟာ USB port ပါပြီး printer ကိုပါ share လုပ်သုံးနိုင်မယ့် print server လုပ်ဆောင်ချက် ပါပါတယ်။ ကွန်ရက်ချိတ်ဆက်လို့မရတဲ့ printer မျိုးတွေကို ကွန်ရက်မှာ ချိတ်ဆက်ပြီး ကွန်ရက်ထဲက computer တွေ share လုပ်သုံးနိုင်ပါမယ်။ Ethernet port က gigabit port သုံးထားလို့ ကွန်ရက်ချိတ်ဆက်ရာမှာ 10/100 ထက် ပိုမြန်ပါမယ်။

ဒါပေမဲ့ ကိုယ်သုံးစွဲထားတဲ့ router ၊ ဒါမှမဟုတ် switch က 1000 gigabit ထောက်ပံ့လုပ်ဆောင်ပေးနိုင်ရပါမယ်။ Computer ရဲ့ NIC (Network Interface Card) ၊ ဒါမှမဟုတ် Onboard NIC ဟာ 1000 gigabit support လုပ်ရပါမယ်။ ဒါမှ gigabit LAN ချိတ်ဆက်သုံးနိုင်ပါမယ်။ Hard drive မပါ NAS အိမ်ခွံ သီးသန့်ဖြစ်လို့ အဆင်ပြေတဲ့ hard drvie ဝယ်တပ်ဖို့လိုပါတယ်။ RAID သုံးမယ်ဆိုရင်တော့ hard drive ၂ လုံးဟာ ထုတ်လုပ်တဲ့သူ၊ ပမာဏတူ hard drive ဖြစ်သင့်ပါတယ်။ ■

တန်ဖိုး – (Hard drive)မပါ ၁၀၂,၅၀၀ ကျပ်ဝန်းကျင်

**Unique Computer Center**

၃၉၈၄၃၆၊ ၃၉၁၇၈၉၊ ၃၉၁၇၃၀

# SATA 2.0 mobile rack



Hard drive တွေ ဖြုတ်တပ်သယ်ဆောင်သွားလေ့ရှိတဲ့သူတွေ၊ OS ကို အမျိုးမျိုး install လုပ်သုံးတဲ့သူတွေအတွက် mobile rack လေးသုံးရင် ပိုအဆင်ပြေပါတယ်။ အဲဒီ mobile rack တွေက တကယ်လိုရင် ရှာရခက်တဲ့ ပစ္စည်းမျိုးပါ။ 5.25 drive bay မှာ တပ်ဆင်သုံးနိုင်ပြီး Hot swap လုပ်ဆောင်နိုင်ပါတယ်။ Hot swap ဆိုတဲ့သဘောက power ဖွင့်ထားတုန်း drive ကို ဖြုတ်တတ်လုပ်နိုင်တဲ့သဘော ဖြစ်ပါတယ်။ အလွယ်တကူ ဖြုတ်လို့မရအောင် သော့ခတ်ထားရင်လည်း ရပါတယ်။ ဈေးလည်း သိပ်မများပါဘူး။ ■

တန်ဖိုး – ၁၂,၀၀၀ ကျပ်ဝန်းကျင်

**Innwa Computer**

၃၈၅၁၈၃

# LED Power Supply Tester

Power Supply တွေရဲ့ ချို့ယွင်းချက်နဲ့ စွမ်းဆောင်ရည်ကို စမ်းသပ်ရတာ မလွယ်ပါဘူး။ စမ်းသပ်တဲ့ ကိရိယာတွေက အရမ်းဈေးကြီးပါတယ်။ လုပ်ငန်းသုံးပစ္စည်းတွေဖြစ်လို့ တော်ရုံ လုပ်ငန်းတွေမှာတောင်မှ မသုံးနိုင်ကြပါဘူး။ အခု tester လေး ကတော့ ဈေးနှုန်းအရရော၊ hardware သမားတွေပါ အလွယ်တကူ သယ်သွားနိုင်တဲ့ အရွယ်အစားဖြစ်ပါတယ်။ အရင်က PSU tester တွေ ဈေးကွက်ထဲမှာ တွေ့ခဲ့ရပေမယ့် LED မပါပါဘူး။ အခု PSU tester ကတော့ LED display လေးပါတဲ့ အတွက် ဗို့အားဘယ်လောက်ရှိသလဲဆိုတာကိုပါ ဖော်ပြပေး နေပါတယ်။



ATX ၊ BTX ၊ ITX motherboard တွေမှာ သုံးထားတဲ့ 24-pin connector နဲ့ board အဟောင်းတွေမှာသုံးတဲ့ 20 pin connector ၊ molex connector ၊ 4 pin connector စတဲ့ connector တွေရဲ့ power အခြေအနေကို စမ်းသပ်ကြည့်နိုင် ပါတယ်။ Power supply အပိုတစ်လုံးသုံးပြီး စမ်းသပ်ကြည့်ဖို့ မလိုတော့ဘဲ power supply ကြောင့်ဖြစ်တဲ့ ချို့ယွင်းချက်တွေ ကို အလွယ်တကူ စစ်ဆေးကြည့်နိုင်မယ့် tester လေး ဖြစ်ပါ တယ်။ ■

**Unique Computer Center**

၃၉၈၄၃၆၊ ၃၉၁၇၈၉၊ ၃၉၁၇၃၀

# MSI N430GT-MD2GD3 Graphic Card




Game နဲ့ graphic စွမ်းရည်တွေရဲ့ အကောင်းဆုံးအနေအထားနဲ့ graphic memory 2GB ပါဝင်တဲ့ graphic card ဖြစ်ပါတယ်။ Nvidia Geforce GT430 GPU ကို အခြေခံထားပြီး PCIe 2.0x16 standard နဲ့ပါ။ Graphic memory DDR3 2GB (2048MB) ပါဝင်ပြီး စွမ်းဆောင်ရည်အနေနဲ့ Core clock 700MHz ၊ Memory Clock 1000MHz နဲ့ Memory Interface 128 bit ဖြစ်တယ်။ Display output အနေနဲ့ DVI port တစ်ခု၊ HDMI တစ်ခု၊ VGA တစ်ခု ပါဝင်ပြီး resolution 2560x1600 အထိ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ နည်းပညာထောက်ပံ့ချက်အနေနဲ့ DirectX 11 ၊ Open GL 4.0 ၊HDCP ၊ HDMI တွေ ထောက်ပံ့ပေးနိုင်ပြီး Nvidia ရဲ့ CUDA ၊ 3D Vision ၊ PhysX စတဲ့ နည်းပညာတွေ ပါဝင် တယ်။

Card ရဲ့ သက်တမ်းကြာရှည်ခံဖို့ solid capacitor တွေသာ အသုံးပြုထားတာဖြစ်တယ်။ MSI Afterburner အသစ်ပါဝင်ပြီး card ရဲ့ voltage ကို ပုံစံ ၂ မျိုး ချိန်ညှိနိုင်တဲ့အတွက် overclock လုပ်စဉ် တည်ငြိမ်တဲ့ power စနစ်ထောက်ပံ့ပေးနိုင်ပါတယ်။ GPU ရဲ့ အပူချိန်ထိန်းချုပ်ဖို့ Heat Sink အထူတစ်ခုကို အပေါ်မှာ fan တစ်ခု တပ်ဆင်ပေးထားတဲ့အတွက် ဖုန်ရှင်းလင်းဖို့နဲ့ အပူ စွန့်ထုတ်မှုကို မြန်မြန်လုပ်ဆောင်ပေးမှာ ဖြစ်ကြောင်း သိရ ပါတယ်။ ■

**Royal Smart**

၂၂၇၇၈၁၊ ၂၁၈၀၄၁

# Belkin wireless router F 7D3302lb(N+)




ချိတ်ဆက်အသုံးပြုတဲ့အခါ လွယ်ကူလျင်မြန်မှုကို ပေးစွမ်းနိုင်တဲ့ Belkin ရဲ့ F7D3302lb share wireless router ဖြစ်ပါတယ်။ အကွာအဝေး ၃၆၅ မီတာအထိရနိုင်ပြီး dataspeed က N speed ဖြစ်ပြီး 300 Mbps ရှိပါတယ်။ Share router မှာ basic နဲ့ surf တို့နဲ့မတူဘဲ USB port တစ်ခု ပါဝင်ပါတယ်။ USB နဲ့ တွဲသုံးရတဲ့ storage device တွေကို router က တစ်ဆင့် share လုပ်ပြီး အသုံးပြုမှာဖြစ်ပါတယ်။

Storage device တွေထဲကို data တွေကို auto backup လုပ်ပေးနိုင်တဲ့ memory safe application လည်း ပါဝင်ပါတယ်။ တပ်ဆင်အသုံးပြုတဲ့နေရာမှာလည်း ရှုပ်ထွေးမှုမရှိဘဲ လွယ်ကူစွာ တပ်ဆင်နိုင်ပြီး warranty ၂ နှစ်ပေးထားတယ်လို့ သိရပါတယ်။

**Micro Computer CO LTD**

၂၉၄၅၀၃၊ ၂၀၂၄၅၃၊ ၇၂၁၆၆၈

# USB 3.0 flash memory stick

ဈေးကွက်ထဲမှာ USB 2.0 device တွေ တော်တော်များများ သုံးစွဲရောင်းချနေကြပြီး၊ ဈေးနှုန်းလည်း သက်သာလာပါတယ်။ USB 3.0 သုံး device တွေကို external hard disk drive တွေ ရောင်းချနေတာ များများစားစားတွေ့ရပေမယ့် memory stick လေးတွေကိုတော့ USB 3.0 stick တွေရောင်းချတာ သိပ်မတွေ့ မိပါဘူး။




အခု ADATA က ထုတ်လုပ်ထားတဲ့ 8GB USB 3.0 flash memory လေးကို ပြောပြပေးချင်ပါတယ်။ USB 2.0 flash memory stick တွေက ဈေးသက်သာပေမယ့် USB 3.0 motherboard တွေ အသုံးများလာပြီဖြစ်လို့ USB 3.0 derice တွေ ဝယ်ထားတာ ပိုသင့်တော်ပါတယ်။ အမြန်နှုန်းအနေနဲ့က USB 2.0 ထက် ၁၀ ဆ (5Gbps) အထိ data တွေ အပို့အယူ လုပ်နိုင်ပါတယ်။

တန်ဖိုး – ၁၅,၈၀၀ ကျပ်ဝန်းကျင်

**F@x Computer**

၃၈၀၉၈၈ ၊ ၀၉ ၇၃၀၁၃၈၃၆

# MSI R6970 Lightning Graphic card




အရည်အသွေးမြင့်ပြီး အစွန်းဆုံးအထိ အသုံးပြုနိုင်တဲ့ စွမ်းဆောင်ရည်၊ အကောင်းဆုံး အအေးပေးစနစ်တွေနဲ့ design ထုတ်ထားတဲ့ lightning serie ဖြစ်ပါတယ်။ အအေးပေးစနစ်ကိုတော့ Twin Frozr III ပုံစံနဲ့ပြုလုပ်ထားပြီး propeller blade နည်းပညာအသုံးပြုထားတဲ့အတွက် 26°C ပိုအေးပြီး တိတ်ဆိတ်ငြိမ်သက်စေပါတယ်။ ဖွဲ့စည်းပုံမှာတော့ 9cm အရွယ်ရှိတဲ့ Fan ၂ လုံးနဲ့ 8cm အရွယ်ရှိတဲ့ heat pipe အကြီး ၅ ခုက အပူအမြန်ဆုံး စွန့်ထုတ်ပေးမှာဖြစ်တယ်။ Power ထောက်ပံ့မှုပိုင်းမှာတော့ power 4 architecture ဖြစ်တဲ့အတွက် power ပိုင်းမှာပြောစရာမလိုတဲ့အပြင် overclock လုပ်ငန်းစဉ်နဲ့ graphic ပိုင်းလုပ်ငန်းစဉ်တွေကို အစွန်းဆုံးအထိ အသုံးပြုရင်တောင် တည်တည်ငြိမ်ငြိမ်နဲ့ power ဆောင်ပေးမှာဖြစ်ပါတယ်။

AMD ရဲ့ Radeon HD 5970 5 graphic အင်ဂျင် တပ်ဆင်ထားတာဖြစ်ပြီး PCIe 2.1x16 standard ဖြစ်ပါတယ်။ စိတ်ကြိုက်မောင်းနှင်ဖို့ graphic Memory GDDR5 အမျိုးအစားအသုံးပြုထားပြီး 2GB ပမာဏက လုပ်ငန်းစဉ်တွေကို ချောမွေ့မြန်ဆန်ပြီးမြောက်စေမှာ ဖြစ်ပါတယ်။ စွမ်းဆောင်ရည်အနေနဲ့ Coreclock 940MHz ၊ Memory Clock 5500MHz ၊ Memory Interface 256 bit ဖြစ်တယ်။ Display ဖော်ပြပေးမယ့် output အနေနဲ့ DVI ၂ ခု၊ HDMI တစ်ခုနဲ့ Mini Display port ၂ ခု ပါဝင်ပြီး resolution ကို 1920x1200 ထောက်ပံ့ပေးနိုင်ပါတယ်။ နည်းပညာပိုင်း ထောက်ပံ့ချက်အနေနဲ့ HDCP နည်းပညာ၊ DirectX 11 နည်းပညာ၊ Open GL 4.0 ၊ Cross Fire နည်းပညာတွေနဲ့ RAM DACs 400 အထိ ပါဝင်တယ်။

Overclock အတွက် အဓိကဖြစ်တဲ့ power ထောက်ပံ့မှုအတွက် Triple Over voltage စနစ်၊ ကြာရှည်အသုံးခံဖို့ Military Class power ပေးအစိတ်အပိုင်းပါဝင်မှု၊ power ထောက်ပံ့မှုအတွက် lightning power layer (LPL) သီးသန့်ပါဝင်မှုနဲ့ overclock လုပ်နိုင်ပြီး graphic card ရဲ့ Information နဲ့ graphics ပိုင်း ထိန်းကြောင်းမှုတွေ ပြုလုပ်နိုင်မှာဖြစ်ကြောင်း သိရပါတယ်။

Royal Smart

၂၂၇၇၈၁၊ ၂၁၈၀၄၁

# Bluray combo DVD drive (Samsung SH-BO83)

CD-Rom ၊ CD-RW ၊ DVD Rom ၊ DVD RW စတဲ့ ပစ္စည်းတွေပြီးတော့ bluray ROM ၊ bluray RW တွေ ဖြစ်လာပါပြီ။ DVD-RW တွေက ၁၀,၀၀၀ ကျော်၊ ၂၀,၀၀၀ လောက်ရှိနေပြီး အခု DVD-RW နဲ့ Blu-ray Rom combo drive က ၈၅,၀၀၀ လောက်ရှိပါတယ်။ Video ဝါသနာအိုးတွေအတွက် အဆင်ပြေမယ့်ဈေးနှုန်းပါ။ High definition video တွေအတွက် Full HD 1080 support လုပ်ပါတယ်။ SATA interface သုံးထားပြီး DVD တွေ ဖွင့်ဖို့၊ ရေးဖို့ပါ တွဲထားပေးတဲ့ Combo drive ဖြစ်ပါတယ်။ Bluray ရုပ်ရှင်တွေကြည့်ဖို့အပြင် ရေးဖို့၊ ဒါမှ




မဟုတ် data တွေကိုပါ များများစားစား သိမ်းထားချင်တယ်ဆိုရင်တော့ bluray writer တွေဝယ်သုံးနိုင်ပါတယ်။ အခု drive ကတော့ bluray ROM drive ဖြစ်ပါတယ်။

တန်ဖိုး – ၈၅,၀၀၀ ကျပ်ဝန်းကျင်

Essential Computer

၂၄၈၂၂၁ ၊ ၃၇၈၀၂၄ ၊ ၃၈၇၃၁၀

# SoundSticks III speaker

Stereo mini jack output ပါတဲ့ ဘယ်ပစ္စည်းနဲ့မဆို တွဲဖက်အသုံးပြုနိုင်တဲ့ Harman/Kardon ရဲ့ SoundSticks III speaker ဖြစ်ပါတယ်။ သူ့ရဲ့ design ကလည်း တကယ့်ကို အလန်းစားပါပဲ။ ၆ လက်မ အရွယ် watt 20 သုံး downward-firing powered



subwoofer တစ်လုံး စွမ်းအားပြည့် transducer ၈ လုံးပါဝင်ပါတယ်။ Frequency response က 44Hz-20KHz ရှိပြီး သဘာဝကျကျ၊ တစ်ခန်းလုံးဟိန်းစေတဲ့အသံနဲ့ အကောင်းဆုံး bass စွမ်းဆောင်ရည်ကို ပေးစွမ်းနိုင်ပါတယ်။

Analog output ထုတ်ပေးတဲ့ ဘယ်ပစ္စည်းနဲ့မဆို အလွယ်တကူ တွဲဖက်အသုံးပြုနိုင်တာကိုတွေ့ရမှာပါ။ Apple iMac ၊ MacBook ၊ MacBook Pro ၊ DVD player နဲ့ iPad တို့နဲ့တောင် တွဲဖက် အသုံးပြုနိုင်ပါတယ်။ SoundStick III ဟာ အလေးချိန် ၀.၇ ကီလိုဂရမ်ရှိပါတယ်။

တန်ဖိုး – ၂၀၀,၀၀၀ ကျပ်ဝန်းကျင်

JBL Sound Gallery

၂၅၅၅၈၄

# Battery နဲ့ charger

Notebook တွေမှာသုံးတဲ့ ဓာတ်ခဲတောင့်လေးတွေကို notebook တွေမှာလို တွဲမသုံးဘဲ တစ်တောင့်ချင်းသုံးနိုင်အောင် လုပ်ထားတာပါ။ သူ့အတွက် သီးသန့် charger လေးနဲ့ တွဲသုံးနိုင်ပါတယ်။ ဓာတ်ခဲက AA တို့ AAA ဓာတ်ခဲတွေနဲ့ မတူပဲ 3.7 V ဖြစ်ပါတယ်။ ဓာတ်ခဲက 3.7 V အားရှိလို့ LED ဓာတ်မီးတွေနဲ့ တွဲသုံးနိုင်ပါတယ်။ Notebook battery တွေ ပျက်စီးသွားခဲ့လို့ ဓာတ်ခဲတွေတွဲသုံးမယ်ဆိုရင်လည်း သုံးနိုင်




ပါတယ်။ အဲဒီလိုတွဲသုံးမယ်ဆိုရင်တော့ ကိုယ့် notebook battery က သုံးစွဲထားတဲ့ ဗို့အားအလိုက် တွဲပေးရပါမယ်။ အခုလောလောဆယ်တော့ LED ဓာတ်မီးမှာ သုံးရတာပဲ တော်တော်အဆင်ပြေနေပါပြီ။

တန်ဖိုး – ဓာတ်ခဲသီးသန့် ၂,၅၀၀ ကျပ်ဝန်းကျင်
battery charger ၂,၂၀၀ ကျပ်ဝန်းကျင်

F@x Computer

၃၈၀၉၈၈ ၊ ၀၉ ၇၃၀၁၃၈၃၆

# MSI P67A-G45 (B3) Motherboard

Intel ရဲ့ 2nd Generation (Sandy Bridge) Core i3/i5/i7 တွေနဲ့ တွဲဖက်အသုံးပြုနိုင်မယ့် motherboard ဖြစ်ပါတယ်။ Intel P67 (B3) Chipset ကို အခြေခံထားပြီး memory ကို dual channel DDR3 1066/1333/1600*/1866*/2133*(OC) တွေ ထောက်ပံ့ပေးနိုင်တဲ့ DIMM Slot ၄ ခု ပါဝင်ပြီး 32GB အထိ တပ်ဆင်နိုင်မှာဖြစ်ပါတယ်။ Gaming serie ဖြစ်တဲ့အတွက် graphic slot ၂ ခု ထည့်သွင်းပေးထားပြီး graphic card ၂ ခု စိုက်လို့ရတဲ့ Multi-GPU နည်းပညာ၊ SLI နဲ့ Cross fire တွေ ထောက်ပံ့ပေးထားတယ်။ Drive တွေနဲ့ ချိတ်ဆက်ဖို့ SATA 6Gb/s ၂ ခုနဲ့ SATA 3Gb/s ၄ ခု ပါဝင်တယ်။ I/O port အနေနဲ့ USB 3.0 ၄ ခု၊ USB 2.0 ၁၂ ခု၊ IEEE 1394 (Fire Wire) port တစ်ခု၊ GB LAN port တစ်ခု ပါဝင်တယ်။ အသံပိုင်းကို THX (TruStudio Pro) စနစ် အသုံးပြုထားပြီး 7.1 Channel အထိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Motherboard ရဲ့ ဖွဲ့စည်းတည်ဆောက်မှုမှာ power ထောက်ပံ့မှုပိုင်းကို အကြမ်းခံပြီး power ပိုင်း တည်ငြိမ်တဲ့ military class ဖြစ်တဲ့ ဂျပန်နိုင်ငံထုတ် solid capacitor နဲ့ SFC (Super Ferrite Choke) တွေ အသုံးပြုထားပါတယ်။ လုပ်ငန်း




လိုအပ်ချက်ကြောင့် ပုံမှန်စွမ်းရည်ထက် ပိုလိုအပ်ချိန်မှာ OC Genie II ရဲ့ overclock နည်းပညာနဲ့ CPU၊ memory နဲ့ iGPU တို့ရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ပါတယ်။ BIOS ပျက်စီးတာက ကာကွယ်ပေးမယ့် M-Flash နည်းပညာ၊ power စားသုံးမှုလျှော့ချပေးမယ့် APS (Active Phase Switching) စနစ်၊ Smart Phone နဲ့ Tablet PC တွေကို အားအမြန်ဆုံးသွင်းပေးမယ့် i-Charger စတဲ့ နည်းပညာတွေ ပါဝင်တယ်။ Game နဲ့ graphic လုပ်ငန်းပိုင်းနဲ့အတူ မြန်ဆန်မှုလိုအပ်နေတဲ့ လုပ်ငန်းတွေအတွက် အထူးသင့်လျော်တဲ့ motherboard ဖြစ်ကြောင်းသိရပါတယ်။ ■

**Royal Smart**

၂၂၇၇၈၁၊ ၂၁၈၀၄၁

# RAM cooler (Heat Sink)



PC တွေကို overclock လုပ်မယ်၊ heavy သုံးမယ်ဆိုရင် အအေးခံစနစ်တစ်ခုခုပါတဲ့ အဆင့်မြင့် RAM တွေကို ဝယ်သုံးရပါမယ်။ အဲဒီ RAM တွေက မြန်နှုန်းမြင့်သလို ဈေးလည်းမြင့်ပါတယ်။ ဈေးကွက်ထဲမှာ အလွယ်တကူ ဝယ်လို့မရပါဘူး။ အခု RAM heat sink လေးကတော့ DDR 2 နဲ့ DDR 3 RAM တွေကိုပါ တပ်ဆင်ပြီး အအေးပေး၊ အပူစွန့်ထုတ်ပေးနိုင်ပါတယ်။ ■

တန်ဖိုး – ၉,၅၀၀ ကျပ်ဝန်းကျင်

**Top Power Computer**

၃၉၈၃၃၁၊ ၃၈၆၄၃၃

# MSI CR460-New Notebook




ဆွဲဆောင်မှုရှိတဲ့ desingn ပုံစံနဲ့ ကိုယ်ထည်ကို ပြုလုပ်ထားပြီး Intel ရဲ့ second generation Intel Core i3 (Sandy Bridge) Huron River CPU တပ်ဆင်ထားတဲ့အတွက် game ၊ video တွေကို ရုပ်သံပြတ်သားမှု ၊ စွမ်းဆောင်ရည်မြင့်မားမှု တွေ အပြည့်အဝရရှိစေမှာဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ LCD TV နဲ့ HD Video တွေကို အကောင်းဆုံးထောက်ပံ့ပေးမယ့် HDMI port ပါဝင်ပါတယ်။ ECO Engine Power Management စနစ်က လုပ်ငန်းစဉ်အလိုက် ရွေးချယ်ခွင့်ရှိပါတယ်။ Gaming ၊ Movie ၊ Presentation ၊ Office နဲ့ Turbo Battery စတဲ့ function တွေ ပါဝင်တာကြောင့် တခြား ပြင်ပ power ထောက်ပံ့မှု မလိုအပ်ဘဲ battery အလုပ်လုပ်ချိန်ကို ကြာရှည် အသုံးပြုနိုင်အောင် စီမံပေးထားပါတယ်။

Game ဆော့ရင်ပဲ ဖြစ်ဖြစ်၊ သီချင်း၊ TV နဲ့ ရုပ်ရှင်ဖျော်ဖြေရေးတွေမှာ အကောင်းဆုံး အသံစနစ်ကိုခံစားရရှိဖို့ SRS Premium Sound စနစ်ပါဝင်တဲ့ speaker ထည့်သွင်းပေးထားပါတယ်။ ချောမွေ့တဲ့ ရုပ်ထွက်အရည်အသွေးနဲ့အတူ ပုံမှန်ထက်သာလွန်တဲ့ HD webcam လည်းပါဝင်တာကြောင့် video chatting သာမက ကိုယ့်ရဲ့ အလှပုံရိပ်တွေပါ ရိုက်ကူးသိမ်းဆည်းထားနိုင်မှာပါ။ Intel ရဲ့ HM65 Chipset ကို အခြေခံထားပြီး memory ကို DDR3 2GB တပ်ဆင်ပေးထားတဲ့အပြင် 4GB အထိ ထပ်တိုး တပ်ဆင်နိုင်ပါတယ်။ Screen အကျယ် ၁၄ လက်မရှိပြီး LED Backlight ပါဝင်တဲ့အပြင် Intel ရဲ့ HD 3000 graphic ရဲ့ အားဖြည့်မှုနဲ့ အကောင်းဆုံး ရုပ်ထွက်အရည်အသွေးကို ရရှိမှာ ဖြစ်တယ်။ Internet ချိတ်ဆက်ဖို့ 1GB LAN port နဲ့ wireless LAN b/g/n ပါဝင်ပြီး 6Cell battery တပ်ဆင်ထားပါတယ်။ စွမ်းဆောင်ရည်ပိုင်း အသားပေးထားပြီး design ဆန်းသစ်မှုနဲ့အတူ လိုအပ်ချက်တွေအားလုံးနဲ့ အံဝင်ခွင်ကျဖြစ်စေမှာပါ။ ■

Royal Smart

၂၂၇၇၈၁၊ ၂၁၈၀၄၁

# CyberPower product




Charging နဲ့ USB ပေါက်တွေ ပေါင်းစပ်ထားတဲ့ စားပွဲတင် station လေးဖြစ်ပြီး iPhone ၊ iPod နဲ့ USB ပစ္စည်းတွေအတွက် power adapter ထည့်ပေးထားလို့ တည်ငြိမ်တဲ့ power နဲ့ ချိတ်ဆက်ပေးမှာဖြစ်ပါတယ်။ External drive ၊ iPod ၊ iPad ၊ iPhone ၊ digital camera ၊ camcorder ၊ memory card reader စတာတွေအားလုံးကို အဆင်ပြေပြေ computer နဲ့ချိတ်ဆက် အသုံးပြုလို့ရစေမှာ ဖြစ်ပါတယ်။ Computer USB ပေါက်တွေကို ပတ်ပတ်လည်လိုက်ရှာပြီး မလောက်မငှ သုံးစရာ မလိုတော့ပါဘူး။ iPhone ကို ဒေါင်လိုက်စိုက်ပြီး အားသွင်းထားနိုင်လို့ iPhone stand တစ်ခုလိုလည်း သုံးလို့ရသေးပါတယ်။

Apple က သတ်မှတ်ထားတဲ့ standard တွေနဲ့အညီ ထုတ်လုပ်ထားတဲ့ ဒီပစ္စည်းကို ICE ၊ Citicom ၊ Technoland ဆိုင်တွေမှာ ရရှိနိုင်တယ်လို့ သိရပါတယ်။ ■

တန်ဖိုး – ၃၀,၀၀၀ ကျပ်ဝန်းကျင်

Yangon Development CO LTD

၃၇၆၁၈၀